## ၇။ မြေခွေးပုရစ်

**African mole cricket: *Gryllotalpa africana* (Palisot de Beauvois, 1805)**

**Otrhoptera : Gryllotalpidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





ဥမှပေါက်ကာစလောက်ကောင်သည် အဖြူ ရောင်ဖြစ်သည်။ လောက်ကောင်နောက်ဆုံးအဆင့်သည် အကောင်ကြီးနှင့်ဆင်တူသည်။ ၄င်းတို့တွင် သေးငယ်သောအတောင်ပံငုတ်များသာပါရှိသဖြင့် ပျံသန်းနိုင်ခြင်းမရှိပါ။ အ ကောင်ကြီး ၏ ရှေ့ခြေ ထောက်သည် မြေကြီးတွင် ကျင်းတူးရန်အတွက် ကော်ပြား ပုံကဲ့သို့သန်မာဖွံ့ဖြိုးနေပြီး အရှေ့လည်ပင်းပိုင်းသည်လည်း ကျင်းအနားရှိ မြေကြီးအား ပုံဖော်ရန်နှင့် မြဲမြံစေရန် ကြီးမား၍ တောင့်တင်းခိုင်မာသည်။

**ဖျက်ဆီးပုံလက္ခဏာများ**





ဖျက်ပိုး၏သဘာဝသည် စိုစွတ်သောမြေနှင့် ပွသောမြေများကို ပို၍ကြိုက်နှစ်သက်သဖြင့် စိုစွတ် သောနေရာများအနီးရှိ စိုက်ခင်းများတွင် ကျရောက်ဖျက်ဆီးမှုအား တွေ့ရှိနိုင်သည်။ ဖျက်ဆီးခံရသော အပင်များပတ်လည်တွင် (၁) စင်တီမီတာ ခန့်အကျယ်ရှိ အပေါက်များအား တွေ့နိုင်သည်။ ပျိုးပင်ငယ် များအား ပြောင်းရွှေ့စိုက်ပျိုးပြီးနောက်ပိုင်းတွင် အများဆုံး

ကျရောက်ဖျက်ဆီးတတ်သည်။ သီးနှံပင်အား ဝါးစား၍ စားသောက်ဖျက်ဆီးသည်။ အထူးသဖြင့် အမြစ်များအား အဆိုးဝါးဆုံး စားသောက် ဖျက်ဆီးပြီး တခါတရံ ပင်စည်များကိုပါ စားသောက်ဖျက်ဆီးလေ့ရှိသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် **– (** ၁၀–၁၂ **)** ရက်

ပိုးမသည် အဆင့် **– (** ၃–၄ **)** လ

စုစုပေါင်းဘဝစက်ဝန်း –(၁–၃)နှစ်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပျိုးပင်များ ပျက်စီးဆုံးရှုံးမှုရာခိုင်နှုန်းအား လျော့နည်းစေရန် မျိုးစေ့နှုန်းထား အားလျော့ သုံးပါ။

(၂)အကောင်ကြီးများသည် နေ့အခါ၌ ကျင်းများအတွင်းတွင် နေထိုင်လေ့ရှိသဖြင့် ဆပ်ပြာဖျော်ရည် ရေ (၂) ဂါလံတွင် အဝတ်လျှော်ဆပ်ပြာမှုန့် ထမင်းစားဇွန်း (၂–၄) ဇွန်း အား (၁)စတုရန်းမီတာ ပတ်လည်ခန့်တွင် ရော၍ ပက်ဖျန်းပေးခြင်းဖြင့် ကျင်းပေါ်၌ပေါ်လာသော အကောင်ကြီးများအား လက်ဖြင့် ကောက်ယူနှိမ် နင်းပါ။

(၄) သားရဲကောင်နဂျီများအသုံးပြု၍ ကာကွယ်နှိမ်နင်းပါ။

(၅) ဘဲလွှတ်ကျောင်းပါ။

(၆)ကျင်းမျက်နှာပြင်ပေါ်သို့ပိုးမသည်များတတ်လာစေရန်ပိုးသတ်ဆေးဖျန်းခါနီး(၂)ရက်ကြိုတင် ၍ကျင်းထဲသို့ရေသွင်းပါ။

(၇)ထိသေစားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်း ရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-Cyhalothrin)

- ကာဘာရိုင်း(Carbaryl)